Government of Western Australia
Department of Health

Burmese

# ကင်းလှည့် စောင့်ကြပ်သော ကမ်းခြေများတွင် အလံတိုင်များကြားမှ ဆေးလိပ်ငွေ့ကင်းသောနေရာများ

၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှစတင်သော ဆေးလိပ်သောက်ခြင်းဆိုင်ရာ ကန့်သတ်ချက် အသစ်များ

## အနောက်ပိုင်း သြစတြေးလျားပြည်နယ် ကင်းလှည့်စောင့်ကြပ်သော ကမ်းခြေအားလုံးတွင် ဆေးလိပ်မသောက်ရ တားမြစ်ချက်များ အာဏာတည်နေပြီဖြစ်သည်။

ကမ်းခြေများတွင် ကင်းလှည့်စောင်ကြပ်နေကြောင်းပြသရန် ရည်ရွယ်စိုက်ထူထားသည့် အလံများအကြား သို့မဟုတ် အခြားသော အမှတ်အသားများအကြား ဧရိယာအတွင်းတွင် ဆေးလိပ်မသောက်ရပါ။

ကင်းလှည့်စောင့်ကြပ်သောကမ်းခြေများကို ပုံမှန်အားဖြင့် ဤသို့ခွဲခြားပြသလေ့ရှိသည်။ -

- အသက်ကယ်အဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေခြင်း
- ကမ်းစပ်မျက်နှာစာတွင် အနီရောင်နှင့် အဝါရောင်ပါသော အလံနှစ်ခု စိုက်ထားခြင်း
- အလံများက ရေကူးရန် စိတ်ချရသည်ဟူသော အဓိပ္ပါယ်ကိုဖေါ်ညွှန်းခြင်း

ဆေးလိပ်မသောက်ရ တားမြစ်ချက်သည် အလံများစိုက်ထူထားချိန်တွင်သာ အကျုံးဝင်သည်။

### ဆိုင်းဘုတ်များ

မြို့နယ်ကောင်စီများသည် ယခုအခါ ကင်းလှည့်စောင်ကြပ်နေသောကမ်းခြေများတွင် ဆေးလိပ်မသောက်ရ တားမြစ်ထားကြောင်း ဖေါ်ပြသည့် ဆိုင်းဘုတ်များကို ကင်းလှည့်စောင်ကြပ်နေသောကမ်းခြေများတွင်စိုက်ထောင်ထားခြင်း သို့မဟုတ် ခင်းကျင်း၊ ချိတ်ဆွဲထားခြင်း ပြုနိုင်သည်။

### တားမြစ်ချက်လိုက်နာရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း

- မြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့များက ကမ်းခြေများတွင် ဆေးလိပ်မသောက်ရန် ကြပ်မတ်ဆောင်ရွက်ရေးအတွက် အဓိကတာဝန်ရှိသည်။
- ဤတားမြစ်ချက်ဥပဒေအသစ်က မြို့နယ်ကောင်စီများအနေနှင့် ကြပ်မတ်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးအရာရှိများ၊ သို့မဟုတ် ရိန်ဂျာခေါ် ကင်းလှည့်စစ်ဆေးသူများကို ခန့်အပ်နိုင်ခွင့် ပေးထားသည်။
- အသက်ကယ်အဖွဲ့ဝင်များသည် ကြပ်မတ်ဆောင်ရွက်ရေးအတွက် တာဝန်မရှိပါ။

အရေးကြီးသောအချက်မှာ ဤတားမြစ်ချက်ဥပဒေအသစ်ကို အများပြည်သူ၏ထောက်ခံချက် မြင့်မားစွာရခဲ့ကြောင်းဖေါ်ပြလိုပါသည်၊ ထို့အပြင် ပြီးခဲ့သော အတွေ့အကြုံများအရ သြစတြေးလျားနိုင်ငံ အနောက်ပြည်နယ်မှ ပြည်သူအများစုအနေနှင့် လိုက်နာဆောင်ရွက်ကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

### ပြစ်ဒဏ်များ

အကယ်၍ အလံတိုင်များစိုက်ထူထားသည့်နေရာများကြားတွင် ဆေးလိပ်သောက်သောပြစ်မှုကို ကျူးလွန်ကြောင်းတွေ့ရပါက တာဝန်ရှိသူကို အောက်ဖေါ်ပြပါအတိုင်း ပြစ်ဒဏ်များချမှတ်မည်ဖြစ်သည်။ -

- တရားရုံးမှချမှတ်မည့် အမြင့်ဆုံးပြစ်ဒဏ် ဒေါ်လာ ၁၀၀၀
- တရားဥပဒေချိုးဖေါက်မှု နို့တစ်စာ ဒေါ်လာ ၂၀၀

ပိုမိုသိလိုပါက ဆေးရွက်ကြီးနှင့်ဆေးလိပ်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဌာန ကိုဆက်သွယ်ပါ။

တယ်လီဖုန်း - ၁၃၀၀ ၇၈၄ ၈၉၂

အီးမေးလ် - tcb@health.wa.gov.au ကို ဆက်သွယ်ပါ။

**Disclaimer:**
The information contained in this factsheet has been produced as a guide only. To view the full details in the relevant Tobacco Control legislation, visit www.health.wa.gov.au/tobaccocontrol